#စိန့်အက်မန်ကမ်ပီယန် #(St. Edmund Campion and Companions) ဒီဇင်ဘာ (၁)

ကက်သလစ်အသင်းတော်ကနေ တခြားခရစ်ယာန် အသင်းဂိုဏ်း အမျိုးမျိုးကွဲပြားသွားပြီး တစ်ခုနဲ့တစ်ခု ပြိုင်ဘက်လို ရန်မူနေချိန်မှာ မိခင်ကက်သလစ်အသင်းတော်ဘက်ကနေ မားမားမတ်မတ်ရပ်တည်ပြီး အမှန်တရား အတွက် အသက်ပေး ခဲ့ကြသူတွေ ထဲမှာ စိန့်အက်ဒ်မန် ကမ်ပီယန်နဲ့ သူရဲ့ အပေါင်းအဖော် ကက်သလစ် ရဟန်းတွေ အများကြီး ပါဝင်ခဲ့ပါတယ်။ သူတို့ကို အင်္ဂလန်အာဏာပိုင်တွေက ရက်ရက်စက်စက် နည်းမျိုးစုံ အသုံးပြုပြီး ညှဥ်းဆဲနှိပ်စက်၊လန်ဒန်မြို့ထဲ လမ်းမတွေပေါ် တရွတ်တိုက်ဆွဲ၊ မြင်းတွေနဲ့ ခြေလက်တွေကို ဆွဲဆန့်၊ နှလုံး-အသဲ-အူတွေကို မသေခင် ဆွဲထုတ်ပြီး ဦးခေါင်းနဲ့ကိုယ်တွေကို အပိုင်းပိုင်းဖြတ်တောက်ကာ မြို့ရဲ့ လေးမျက်နှာစာ တွေမှာ လူတိုင်း မြင်နိုင်ဖို့ ချိတ်ဆွဲထား ခဲ့ပါတယ်။ ဂျက်ဇွစ်အသင်းဂိုဏ်း (ယေဇူးအသင်း)ဝင် ဘုန်းတော်ကြီး စိန့်အဒ်မန်ကမ်ပီယန်ဟာ အင်္ဂလန်ဘုရင်မရဲ့ရာထူးစည်းစိမ်ပေးဖို့ ကမ်းလှမ်းချက်ကို ငြင်းပယ်ခဲ့ပါတယ်။ ဘုန်းတော်ကြီးဟာ အော့ခ်စ်ဖော့ဒ်တက္ကသိုလ်က နာမည်ကြီး ပါမောက္ခရာထူးကို စွန့်လွှတ်ကာ သူ့ရဲ့ကက်သလစ် ယုံကြည်မှုအတွက် နှိပ်စက်ညှဥ်းပန်းခြင်းနဲ့ ရက်စက်စွာအသတ်ခံရခြင်းကို ရဲရဲရင့်ရင့်ရင်ဆိုင်သွားခဲ့တဲ့ ဓမ္မအာဇာနည် ဖြစ်ပါတယ်။ စိန့်အဒ်မန်ကမ်ပီယန်ဟာ အင်္ဂလန်နိုင်ငံမှာ မွေးဖွားခဲ့ပြီးကလေးဘဝမှာ ကက်သလစ်ဖြစ်ခဲ့ပေမဲ့ မိဘတွေနဲ့ အတူပရောတဲစ်တန် (နှစ်ခြင်းခရစ်ယာန်) တစ်ယောက်အနေနဲ့ ကြီးပြင်းလာခဲ့ပါတယ်။ဒါပေမဲ့ အင်္ဂလီကန် ရဟန်းဖြစ်ဖို့ စာလေ့လာသင်ယူတာတွေပိုများလာတာနဲ့အမျှ ကက်သလစ် အသင်းတော်သာလျှင် ခရစ်တော်ရဲ့ တစ်ခုတည်းသောအသင်းတော်ဖြစ်တယ်ကိုပိုသိမှတ်ယုံကြည်လာခဲ့ ပါတယ်။ဒါ့ကြောင့် ကက်သလစ် ယုံကြည်ခြင်းကို ပြန်လည်ကျင့်သုံး ခဲ့ပြီး ယေဇူးအသင်းသို့ဝင်ရောက်ကာ ကက်သလစ်ရဟန်းတစ်ပါး အဖြစ်သိက္ခာခံယူခဲ့ပါတယ်။ အင်္ဂလန်နိုင်ငံမှာကက်သလစ်တွေကို ညှဥ်းပန်းနှိပ်စက် နေတဲ့အချိန် သူ့ဒေသကို လျှို့ဝှက်စွာပြန်လည် ရောက်ရှိလာခဲ့ပြီး ကက်သလစ်ဘာသာဝင်တွေကို အခက်အခဲ အမျိုးမျိုးကြား စွန့်စားပြီး ယုံကြည်ခြင်း အပြည့်နဲ့ အစေခံ ကူညီပေး ခဲ့ပါတယ်။ နောက်ပိုင်းမှာတော့ ဘုန်းတော်ကြီး ကမ်ပီယန် ဖမ်းဆီး နှိပ်စက်ခြင်းကို ခံခဲ့ရပါတယ်။ ဘုန်းတော်ကြီး ကက်သလစ် ယုံကြည်ခြင်းကို စွန့်လွှတ်ရင် အသက် ချမ်းသာနဲ့ ရာထူး စည်းစိမ် ရမယ်လို့ ကမ်းလှမ်း ခံခဲ့ရပေမဲ့ သူ့ရဲ့ ခရစ်တော်ကို ယုံကြည်ခြင်းနဲ့ ကက်သလစ် အသင်းတော်ကိုသာ သစ္စာ ရှိရှိ အသက်ပေး သက်သေခံ ခဲ့ပါတယ်။ အဲဒီအချိန်က သူနဲ့အတူ တခြား ဘုန်းတော်ကြီး (၂၈) ပါးလည်း အသတ် ခံခဲ့ကြ ရပါတယ်။ ၁၅၇၃ ခုနှစ်နဲ့ ၁၆၇၉ ခုနှစ်အကြား အင်္ဂလန်နံ့ ဝေါလ်ဒေသမှာ တရားတော်အတွက် အသတ်ပေးခဲ့သူတွေထဲမှာ အထင်ရှားဆုံးကတော့ Saint Edmund Campion and Robert Southwell စိန့်အက်မန်ကမ်ပီယန်နဲ့ စိန့်ရောဘတ်ဆော့ဝေး တို့ ဖြစ်ကြပါတယ်။အမှန်တရား အတွက် အသက်ကို ပေး အမှုတော်ဆောင်ကာ ဘဝ တစ်ခုလုံး အပ်နိုင်တဲ့ ယုံကြည်ခြင်းမျိုး ကျွန်ုပ်တို့လည်း ရရှိနိုင်အောင် သူတော်စင် သူတော်မြတ် တွေကနေ တဆင့် ဆုတောင်းပြီး ကျေးဇူးတော် တောင်းခံကြပါစို့။ သူတို့ရဲ့ ယုံကြည်ခြင်းကြောင့် လောကမှာ ရက်စက်သောဒုက္ခဝေဒနာနှင့် သေခြင်းကိုရင်ဆိုင် ခဲ့ကြရပေမဲ့ စိန့်အဒ်မန်ကမ်ပီယန်နဲ့ အပေါင်းအဖော်တို့ဟာ ယခုအချိန်မှာ ခရစ်တော်နဲ့ အတူ ရှိနေပြီး ထာဝရငြိမ်းချမ်းပျော်ရွှင်တဲ့ အသက်ကို ရရှိနေကြပြီး ဖြစ်ပါတယ်။ St. Edmund Campion SJ and Companions. Pay for us!

✍ထန်းဟာ, SJ     Credit to Photo